ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

၃။ နောင်တွင် အဆိုပါဥပဒေဟု ရည်ညွှန်းသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (က) တွင် ပါရှိသော "ကျပ်သုံးသိန်း" ဆိုသည့်စကားရပ်ကို "ကျပ်တစ်ဆယ်သိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ခ) တွင် ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (ဂ) တွင်ပါရှိသော "ကျပ်နှစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်ငါးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ကျပ်တစ်သိန်း" ဆိုသည့်စကားရပ်ကို "ကျပ်သုံးသိန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အဆိုပါ ဥပဒေ ပုဒ်မ ၆ တွင်ပါရှိသော "ကျပ် ၂၀၀၀" ဆိုသည့် စကားရပ်နှင့် "ကျပ် ၃၀၀၀" ဆိုသည့် စကားရပ်တို့ကို "ကျပ် ၅၀၀၀" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အဆိုပါ ဥပဒေပုဒ်မ ၈ တွင်ပါရှိသော "ကျပ် ၅၀၀၀" ဆိုသည့်စကားရပ်ကို "ကျပ် တစ်သောင်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အဆိုပါ ဥပဒေ ပုဒ်မ ၁၂ ၏ နောက်တွင် ပုဒ်မ ၁၂-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၁၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃) နှင့် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော် ဆိုင်ရာဥပဒေ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄) တို့တွင်ပါရှိသော ပုဒ်မ ၉၊ ပုဒ်မခွဲ (င) နှင့် (စ) တို့ပါ လုပ်ငန်းတာဝန်များထမ်းဆောင်ခြင်း၊ ပုဒ်မခွဲ (ဆ) ပါ လုပ်ငန်းတာဝန် ဆောင်ရွက်ရန် အချက်အလက်ရှာဖွေခြင်းနှင့် ပုဒ်မခွဲ (ဇ) ပါ လွှတ်တော်ကပေးအပ်သည့် အခြားတာဝန်များကို ထမ်းဆောင်ခြင်းပြုသည့်အခါ၌လည်း ဤဥပဒေပုဒ်မ ၆ နှင့် ၈ တို့အရ ပြဋ္ဌာန်းထားသော စရိတ်များကို ခံစားခွင့်ရှိသည်။ သို့ရာတွင် ရွေးကောက်ခံမဟုတ်သော လွှတ်တော်ကိုယ်စားလှယ်များသည် ယင်းပုဒ်မ ၉၊ ပုဒ်မခွဲ (ဇ) အတွက်သာ ခံစားခွင့်ရှိသည်။"

၇။ အဆိုပါ ဥပဒေ ပုဒ်မ ၁၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ချီးမြှင့်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံရမည်။ သို့ရာတွင် စရိတ် အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။"

---

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပုဒ်မ ၁၀၆ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ၁၀၇ တို့အရ ဤဥပဒေကို ထုတ်ပြန်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၅)**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတီခွန်မြတ် (ကွတ်ခိုင်မဲဆန္ဒနယ်) ၏ "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း" ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် (ကွတ်ခိုင်မဲဆန္ဒနယ်) က ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း" ကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

# ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ (မူကြမ်း)

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)
၁၃၇၆ ခုနှစ်၊ လ ရက်
( ၂၀၁၄ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဥပဒေဆိုင်ရာအထောက်အကူပေးရေး**ဆိုသည်မှာ ဤဥပဒေအရ ဥပဒေဆိုင်ရာ အထောက်အကူရရှိရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသော ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့်မသန်စွမ်းသူများကို တရားမစွဲတင်မီသော်လည်းကောင်း၊ တရားစွဲဆိုမှုပြုရာတွင်သော်လည်းကောင်း ရှေ့နေငှားရမ်းပေးခြင်းနှင့် အခြားဥပဒေဆိုင်ရာ အကူအညီပေးခြင်းကို ဆိုသည်။

(ခ) **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းတည်ထောင်သော ဥပဒေကြောင်းဆိုင်ရာ ပံ့ပိုးမှုများပေးသော ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ တိုင်းဒေသကြီးဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့ကို ဆိုသည်။

(ဂ) **ဥက္ကဋ္ဌ**ဆိုသည်မှာ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ ဥက္ကဋ္ဌကိုဆိုသည်။

(ဃ) **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးရှေ့နေ**ဆိုသည်မှာ ဥပဒေဆိုင်ရာ အကူအညီပေးရန် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် အလုပ်လုပ်ကိုင်သောရှေ့နေ၊ ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့က တရားဝင်အသိအမှတ်ပြုသည့် လုပ်ပိုင်ခွင့်ရရှေ့နေ၊ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့က တရားဝင်အသိအမှတ်ပြုသည့် အရပ်ဘက်အဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သည့် အဖွဲ့အစည်း သို့မဟုတ် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏တရားဝင်အသိအမှတ်ပြုသည့် တက္ကသိုလ်တွင် ဥပဒေလုပ်ငန်း လုပ်ကိုင်နေသော ရှေ့နေတို့ကို ဆိုသည်။

(င) **ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူ**ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က ခန့်အပ်ထားသူ၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တရားဝင်အသိအမှတ်ပြုသော အဖွဲ့အစည်း သို့မဟုတ် တက္ကသိုလ် ဥပဒေဌာနတို့က ပို့ချသည့် သင်တန်းကို အောင်မြင်ပြီးသော ရှေ့နေ၏ ကြီးကြပ်မှုဖြင့် အခမဲ့ ဥပဒေအကြံပေးခြင်းနှင့် ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးသူကို ဆိုသည်။

(စ) **ဆင်းရဲနွမ်းပါးသူ**ဆိုသည်မှာ တရားစီရင်ရေးဆိုင်ရာမှုခင်းကိစ္စများတွင် ဥပဒေနှင့်အညီ ခုခံချေပရန်အတွက် ရှေ့နေငှားရမ်းရန် စရိတ်မတတ်နိုင်သူကို ဆိုသည်။

(ဆ) **ကလေးသူငယ်**ဆိုသည်မှာ အသက် ၁၆ နှစ်မပြည့်သေးသောသူကို ဆိုသည်။

(ဇ) **မသန်စွမ်းသူ**ဆိုသည်မှာ ကိုယ်အင်္ဂါအစိတ်အပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာတစ်ခုခု မသန်စွမ်းသူကို ဆိုသည်။ ယင်းစကားရပ်တွင် အိုမင်းမစွမ်းသည့် သက်ကြီးရွယ်အိုများလည်း ပါဝင်သည်။

(ဈ) **အသိအမှတ်ပြု အဖွဲ့အစည်း**ဆိုသည်မှာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့က တရားဝင် အသိအမှတ်ပြုသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီထားသည့် အဖွဲ့အစည်းကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံသားတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှု အခွင့်အရေးတို့ကို ခံစားခွင့်ရရှိစေရန်၊

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ခုခံချေပခွင့် ရရှိစေရန်၊

(ဂ) ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဥပဒေဆိုင်ရာ အထောက်အကူ ပေးရန်၊

(ဃ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို ပြည်သူများက နားလည်လိုက်နာ ကျင့်သုံး လာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊

(င) မှုခင်းဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှု ပိုမိုရရှိ စေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊

(စ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် မှန်ကန်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို ထိရောက်စွာ ကျင့်သုံးခြင်းဖြင့် စုံစမ်းစစ်ဆေးရေးကာလအတွင်း ရဲအချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ်သော ဖမ်းဆီးချုပ်နှောင်သည့် ကာလကို လျှော့ချစေရန်နှင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဖမ်းဆီးချုပ်နှောင်မှုများ ပပျောက်စေရန်၊

(ဆ) တရားရုံးများ၌ တရားခံများဖြင့် ကျပ်သိပ်နေမှုကို လျှော့ချပြီး အမှုအား မှန်မှန်နှင့်မြန်မြန် စီရင် ဆုံးဖြတ်နိုင်စေရန်၊

(ဇ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းသည် ပြည်သူကို အခြေပြုသည့် စနစ်ဖြစ်သဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက်အကူပြုစေရန်၊

(ဈ) ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အမှတ် ၆၇/၁၈၇ ဖြင့် ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးနှင့် စပ်လျဉ်းသည့် အခြေခံ သဘောတရားများ၊ လမ်းညွှန်မှုများနှင့် ညီညွတ်မှုရှိစေရန်။

## အခန်း (၃)

## အခြေခံမူများ

၄။ ဤဥပဒေ၏ အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်အပေါ် ပြည်သူလူထုက ယုံကြည်မှုရှိစေရေး၊

(ခ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးတွင် ပြည်သူလူထု ရရှိခံစားနိုင်သည့် ထိရောက်ယုံကြည်စိတ်ချရပြီး ရေရှည်အသုံးပြုနိုင်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ် ဖြစ်ပေါ်စေရေး၊

(ဂ) ပြစ်မှုကျူးလွန်ခြင်းများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပြည်သူလူထုအား ဥပဒေဆိုင်ရာ ဗဟုသုတတိုးပွားစေရန် ပညာပေးရေး၊

(ဃ) သံသယဖြစ်သော တရားခံများ သို့မဟုတ် ပြစ်မှုဖြင့် တရားစွဲဆိုခံရသူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(င) ပြစ်မှုကြောင့် ထိခိုက်နစ်နာမှုများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(စ) ပြစ်မှုမှ သက်သေများအား ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဆ) လူမျိုး၊ ဘာသာ၊ ကိုးကွယ်ယုံကြည်မှု၊ အသက်အရွယ်၊ ကျား၊ မ၊ နိုင်ငံသား၊ နိုင်ငံသားမဟုတ်သူ မခွဲခြားဘဲ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး၊

(ဇ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ် အဆင့်အားလုံးတွင် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်းကို လျင်မြန်စွာပေးရေး၊

(ဈ) ဥပဒေဆိုင်ရာ အထောက်အကူရယူခံစားမှု၌ သာတူညီမျှ ရှိစေရေး၊

(ည) ဥပဒေဆိုင်ရာ အထောက်အကူပေးသည့်စနစ်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို အများပြည်သူ သိရှိစေရေး၊

(ဋ) ကလေးသူငယ်များ၏ အကျိုးအတွက် ထိရောက်သော ဥပဒေဆိုင်ရာ အထောက်အကူကို ရရှိစေရေး၊

(ဌ) ဥပဒေဆိုင်ရာ အထောက်အကူပေးသူများအား လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးခြင်းနှင့် ၎င်းတို့အား အကာအကွယ်ပေးရေး။

## အခန်း (၄)

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူ၍ အဖွဲ့ဝင် ၁၃ ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (က) | ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုရှေ့နေချုပ်မှ ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးချုပ်ရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (င) | ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (စ) | ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တာဝန်ပေးအပ်သည့် ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးချုပ်ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ဇ) | ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ်တစ်ခုခုမှ ဥပဒေပါမောက္ခတစ်ဦး | အဖွဲ့ဝင် |
| (ဈ) | မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (ည) | အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး | အဖွဲ့ဝင်များ |

(ဃ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်အောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး

(င) မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး၊ အတွင်းရေးမှူး ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော ၁၅ နှစ်ထက်မနည်း အမှုလိုက်ပါဆောင်ရွက်ဖူးသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး

၆။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ရှိ အဖွဲ့ဝင်များသက်တမ်းသည် ငါးနှစ်ဖြစ်ပြီး ၎င်းတို့ကို ဒုတိယငါးနှစ် သက်တမ်းအတွက် ပြန်လည်ရွေးချယ်ခန့်အပ်နိုင်သည်။ သို့ရာတွင် အဖွဲ့ဝင်များသည် ရာထူးသက်တမ်း နှစ်ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်းမပြုရ။

၇။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်သည် အောက်ဖော်ပြပါ အခြေအနေများ ပေါ်ပေါက်ပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲခြင်းခံရမည် -

(က) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သက်တမ်းကုန်ဆုံးခြင်း၊

(ခ) ဥက္ကဋ္ဌထံ စာဖြင့်ရေးသား၍ ရာထူးမှနုတ်ထွက်ကြောင်း တင်ပြခြင်း၊

(ဂ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များထဲမှ အနည်းဆုံးသုံးပုံနှစ်ပုံက အဖွဲ့ဝင် တစ်ဦးကို ဆက်လက်တာဝန်ပေးအပ်ရန် မသင့်လျော်ကြောင်း အကြောင်းပြချက်ဖြင့် အဖွဲ့ဝင် အဖြစ်မှ ရပ်စဲရန် ပြည်ထောင်စုတရားသူကြီးချုပ်ထံတွင် တင်ပြသဖြင့် ရာထူးမှရပ်စဲခံရခြင်း၊

(ဃ) အကျင့်သိက္ခာ ပျက်ပြားခြင်း။

၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် အဖွဲ့ဝင်နေရာ လစ်လပ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် လစ်လပ်သည့် အဖွဲ့ဝင်နှင့် သက်ဆိုင်သည့်ဌာန သို့မဟုတ် အဖွဲ့အစည်းများ၏ ပုဒ်မ ၄ နှင့်အညီ တင်ပြချက်အရ အဖွဲ့ဝင်သစ်ကို ခန့်အပ်နိုင်ပြီး ထိုသူသည် လစ်လပ်သည့် နေရာအတွက် ကျန်ရှိသော သက်တမ်းကို တာဝန်ထမ်းဆောင်ရမည်။

၉။ (က) ဥက္ကဋ္ဌသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ပုံမှန်အစည်းအဝေးကို အနည်းဆုံး သုံးလလျှင်တစ်ကြိမ် ကျင်းပရမည်။

(ခ) အစည်းအဝေးတွင် အဖွဲ့ဝင်ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်လျှင် အစည်းအဝေး အထမြောက်သည်။

၁၀။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင်များ၏ သုံးပုံတစ်ပုံက တောင်းဆိုလျှင် ဥက္ကဋ္ဌသည် အဖွဲ့၏ အထူးအစည်းအဝေးကို အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

၁၁။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အစည်းအဝေးများကို ဥက္ကဋ္ဌက ကြီးမှူးကျင်းပရမည်ဖြစ်ပြီး ဥက္ကဋ္ဌမတက်ရောက်နိုင်က အဖွဲ့ဝင်များမှ ရွေးကောက်တင်မြှောက်ထားသည့် ပုဂ္ဂိုလ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ကျင်းပရမည်။

၁၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ဝင် တစ်ဦးချင်းစီတွင် ဆန္ဒမဲတစ်မဲစီ ပေးခွင့်ရှိပြီး ထောက်ခံဆန္ဒမဲအရေအတွက် တူညီနေပါက ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကိုယ်စား ရွေးကောက် တင်မြှောက်သောပုဂ္ဂိုလ်၏ အနိုင်မဲဖြင့် ဆုံးဖြတ်ရမည်။

၁၃။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လိုအပ်ပါက သုံးဦးထက်မပိုသော ဥပဒေ အကြံပေးအဖွဲ့အား ခန့်ထားနိုင်သည်။ ထိုပုဂ္ဂိုလ်များအား အစည်းအဝေးသို့ ပါဝင်တက်ရောက်ခွင့် ပြုနိုင်သော်လည်း မဲပေးခွင့်မပြုရ။

၁၄။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဖွဲ့စည်းထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အားလုံးကို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများအတွက် မူဝါဒ ချမှတ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များက ဝန်ဆောင်မှုပေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားတည်ဆဲဥပဒေများ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုရှိစေရန် ထိန်းကျောင်းပေးခြင်း၊

(ဂ) ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပညာပေးမှုများကို ပြည်သူများအတွင်း ပြန့်ပွားစေရန် စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ပြစ်မှုတစ်ခုခုဖြင့်စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများအား ဥပဒေဆိုင်ရာ အထောက်အကူပေးရေး နည်းလမ်းများသတ်မှတ်ထားရှိခြင်းနှင့် ယင်းကိစ္စရပ်များကို ပြည်သူအများသိရှိနိုင်ရန် အသိပညာပေးခြင်း၊

(င) ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၏ မှုခင်းများနှင့် သက်ဆိုင်သည့် ပြင်ဆင်မှုနှင့် အယူခံမှုများကို စိစစ်ကူညီဆောင်ရွက်ခြင်း၊

(စ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အဖွဲ့များကို စိစစ်ခြင်း၊ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထူးခြားသော အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(ဆ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန် တာဝန်ခံခြင်း၊

(ဇ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်ခြင်း၊ လိုအပ်သော အကူအညီများပေးခြင်း၊

(ဈ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဆိုင်ရာ ဘဏ္ဍာငွေအရအသုံးစာရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စု၏ နှစ်စဉ်ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတွင် ထည့်သွင်းတင်ပြနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြခြင်း။

## အခန်း (၅)

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၅။ ပြည်ထောင်စုတရားသူကြီးချုပ်သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အဖွဲ့ဝင်ကိုးဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုရှေ့နေချုပ်ကရွေးချယ်တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ပြည်ထောင်စုရှေ့နေချုပ်ရုံးမှကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်တာဝန်ပေးအပ်သည့် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(င) အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး — အဖွဲ့ဝင်များ

(စ) ပြည်ထောင်စုတရားသူကြီးချုပ်က ရွေးချယ်တာဝန်ပေးအပ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ညွှန်ကြားရေးမှူး ရာထူးအောက်မနိမ့်သော ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်များ

(ဆ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး၊ ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော ၁၀ နှစ်ထက်မနည်း အမှုလိုက်ပါ ဆောင်ရွက်ဖူးသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး — အတွင်းရေးမှူး

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့နှင့် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ခြင်း၊

(ခ) ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရှေ့နေများ၊ ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းပေးခြင်း၊

(ဂ) ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ပညာပေးမှုများကို ပြည်သူများအတွင်း ပြန့်ပွားစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များအား ထောက်ပံ့ကြေးများရရှိရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(င) မိမိတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၏ ပြစ်မှုဆိုင်ရာ မှုခင်းကိစ္စများကို ဦးစားပေး ကူညီမှုပြုခြင်း၊

(စ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ကြီးကြပ်ခြင်း၊ အကူအညီ ပေးခြင်း။

## အခန်း (၆)

## ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ညှိနှိုင်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးအဖွဲ့ကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဥပဒေပညာရှင်တစ်ဦး သို့မဟုတ် အများကယုံကြည်လေးစားပြီး ပညာတတ်ကျွမ်းသူ တစ်ဦး — ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေချုပ်က ရွေးချယ်တာဝန်ပေးအပ်သည့် ခရိုင်ဥပဒေအရာရှိတစ်ဦး — အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သည့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဃ) အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က ရွေးချယ်တာဝန်ပေးအပ်သည့် ခရိုင်တရားသူကြီးတစ်ဦး အဖွဲ့ဝင်

(စ) မြန်မာနိုင်ငံ ရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး၊ ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော ၁၀ နှစ်ထက်မနည်း အမှုလိုက်ပါဆောင်ရွက်ဖူးသည့် တရားလွှတ်တော်ရှေ့နေတစ်ဦး အတွင်းရေးမှူး

၁၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် မိမိခရိုင်အတွင်းရှိ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ရှေ့နေများ၊ ရှေ့နေမဟုတ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးသူများ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းပါဝင်လာရန် ညှိနှိုင်းပေးခြင်း၊

(ဂ) ဥပဒေနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပညာရပ်များကို ပြည်သူများအတွင်း ပြန့်ပွားစေရန် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် မိမိခရိုင်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့်မသန်စွမ်းသူများ၏ မှုခင်းကိစ္စများတွင် ဥပဒေဆိုင်ရာ အထောက်အကူများပေးခြင်း၊

(င) ဥပဒေဆိုင်ရာ အထောက်အကူပေးမှုကို ပြည်သူများ ယုံကြည်နားလည်လက်ခံလာစေရန် ပညာပေးဆွေးနွေးခြင်း၊

(စ) အသိအမှတ်ပြု အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စု သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၏ လမ်းညွှန်ချက်နှင့်အညီ ကြီးကြပ်ခြင်း၊ အကူအညီပေးခြင်း။

## အခန်း (၇)

## မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်သည် မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို အဖွဲ့ဝင် ခုနစ်ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) မြို့နယ်အတွင်း အများက ယုံကြည်လေးစားပြီး ဥပဒေပညာ တတ်ကျွမ်းသူတစ်ဦး ဥက္ကဋ္ဌ

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှေ့နေချုပ်က ရွေးချယ်တာဝန်ပေးအပ်သည့် မြို့နယ်ဥပဒေအရာရှိတစ်ဦး အဖွဲ့ဝင်

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ရွေးချယ်တာဝန်ပေးအပ်သည့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်

(ဃ) အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့်ပတ်သက်သည့် အတွေ့အကြုံ ဗဟုသုတရှိသော ကိုယ်စားလှယ်နှစ်ဦး အဖွဲ့ဝင်များ

(င) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားသူကြီးချုပ်က ရွေးချယ်တာဝန်ပေးအပ်သည့် မြို့နယ်တရားသူကြီးတစ်ဦး အဖွဲ့ဝင်

(စ) မြန်မာနိုင်ငံရှေ့နေများကောင်စီမှ အမည်စာရင်းတင်သွင်းပြီး၊ ပြည်ထောင်စုတရားသူကြီးချုပ်က အတည်ပြုသော ၁၀ နှစ်ထက်မနည်း အမှုလိုက်ပါ ဆောင်ရွက်ဖူးသည့်တရားလွှတ်တော်ရှေ့နေတစ်ဦး အတွင်းရေးမှူး

၂၀။ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မိမိမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများ၏ မှုခင်းကိစ္စများတွင် စရိတ်သက်သာပြီး တာဝန်ခံမှုရှိသော ဥပဒေဆိုင်ရာ အထောက်အကူပြုမှုများပေးခြင်း၊

(ခ) ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများကို ပြည်သူများ ယုံကြည်နားလည်လက်ခံလာစေရန် ပညာပေးဆွေးနွေးခြင်း၊

(ဂ) မှုခင်းဆိုင်ရာ ကိစ္စအရပ်ရပ်ကို ဖြေရှင်းရာတွင် တရားမျှတမှု ပိုမိုရရှိစေရန် ကူညီပံ့ပိုးပေးခြင်း၊

(ဃ) ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်တို့၏ အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၈)

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးမှုများ

၂၁။ သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် စွပ်စွဲခံရသူ သို့မဟုတ် တရားခံနှင့် စပ်လျဉ်း၍ -

(က) ရဲစခန်း သို့မဟုတ် အခြားတစ်နေရာတွင် ချုပ်နှောင်ခံရသည့်အခါ ၎င်းနှင့်သက်ဆိုင်သူအား ယင်းကိစ္စကို သတင်းပေးခြင်း၊ ပြောကြားခြင်း၊ အသိပေးခြင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူ ပေးခြင်း၊

(ခ) တရားရုံးတွင် ရမန်ယူသည့်အခါတွင်ဖြစ်စေ၊ ရမန်ဖြင့် ဆက်လက်ချုပ်နှောင်ခံရသည့်အခါတွင် ဖြစ်စေ၊ ခုခံနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊

(ဂ) တရားစွဲတင်မည့် ရဲတပ်ဖွဲ့ သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းက စုံစမ်းစစ်ဆေးရာတွင်ဖြစ်စေ၊ ဥပဒေအရာရှိက စိစစ်ဆောင်ရွက်ရာတွင်ဖြစ်စေ ရှေ့နေဖြင့် ခုခံနိုင်ရေးအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊

(ဃ) သေဒဏ် သို့မဟုတ် ကြီးလေးသော ထောင်ဒဏ်ထိုက်သည့် ပြစ်မှုများတွင် ပါဝင်ပြီး ငွေကြေးမတတ်နိုင်ခြင်း၊ ဆင်းရဲနွမ်းပါးခြင်းတို့ကြောင့် ရှေ့နေမငှားရမ်းနိုင်လျှင် နိုင်ငံတော်မှ ရှေ့နေငှားရမ်းပေးပြီး ခုခံချေပခွင့်ရရန် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊

(င) ထောင်ဒဏ်ကျခံထိုက်သောပြစ်မှုတစ်ရပ်ရပ်ဖြင့်စွဲဆိုခံရပြီး ငွေကြေးမတတ်နိုင်လျှင် ငွေကြေးပံ့ပိုး၍ ရှေ့နေဖြင့် ငှားရမ်းထုချေခွင့်ရစေရန် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း။

၂၂။ သက်ဆိုင်သည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ပြစ်ဒဏ်ချမှတ်ခံရသော တရားခံနှင့်စပ်လျဉ်း၍ -

(က) အယူခံမှု၊ ပြင်ဆင်မှု၊ အထွေထွေလျှောက်ထားမှုနှင့် အထူးအယူခံမှု အပါအဝင် ပြစ်ဒဏ်မှ သက်သာခွင့်ရရှိရေးအတွက် လိုအပ်သော ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း၊

(ခ) အကျဉ်းထောင်၊ အချုပ်စခန်း သို့မဟုတ် ရဲဘက်စခန်းများ အပို့ခံရသဖြင့် ၎င်းတို့ရထိုက်သည့် သက်သာခွင့်အရပ်ရပ်အတွက် အကြံဉာဏ်ပေးခြင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးခြင်း။

၂၃။ တရားခံ သို့မဟုတ် စွပ်စွဲခံရသူသည် -

(က) တိုင်းရင်းသား လူမျိုးဖြစ်နေ၍ ၎င်းအားဆက်သွယ်ပြောဆိုရာ၌ ဘာသာစကားအခက်အခဲဖြစ်လျှင် ဘာသာစကားနားလည်သူမှတစ်ဆင့် ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံခြားသားဖြစ်လျှင် ဥပဒေဆိုင်ရာ အထောက်အကူရရှိနိုင်ကြောင်း စကားပြန်မှတစ်ဆင့် ရှင်းလင်းပြောကြားခြင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ ကောင်စစ်ဝန်ရုံးသို့ နှောင့်နှေးမှုမရှိဘဲ အကြောင်းကြားခြင်း။

## အခန်း (၉)

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဆိုင်ရာ စည်းကမ်းများ

၂၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေးကို မထိခိုက်စေဘဲ တရားခံ သို့မဟုတ် စွပ်စွဲခံရသူများအား တရားရုံးတွင် တရားမစွဲတင်မီကာလတွင်ဖြစ်စေ၊ တရားရုံးတွင် အမှုစစ်ဆေးဆဲကာလတွင်ဖြစ်စေ၊ တရားရုံးမှ ပြစ်ဒဏ်ချမှတ်ပြီး ကာလတွင်ဖြစ်စေ ဥပဒေနှင့်အညီ ရပိုင်ခွင့်များရရှိစေရန်နှင့် မတရားပြုမှုများမှ ကင်းလွတ်စေရန် ဥပဒေဆိုင်ရာ အကူအညီပေးမှု ပြုရမည်။

၂၅။ တရားရုံး၊ ဥပဒေရုံး၊ ရဲတပ်ဖွဲ့၊ အကျဉ်းထောင်နှင့် တရားစွဲအဖွဲ့အစည်းများသည် ရှေ့နေမငှားနိုင်သည့် တရားခံ သို့မဟုတ် စွပ်စွဲခံရသူများ ဥပဒေဆိုင်ရာ အထောက်အကူရရှိရန် သက်ဆိုင်ရာဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၆။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် တရားခံ သို့မဟုတ် စွပ်စွဲခံရသူအား အထောက်အကူပြုခြင်း ကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သို့ လိုအပ်သလို တင်ပြရမည်။

၂၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများသည် ပြစ်မှုကြောင့် ထိခိုက်နစ်နာသူများကို ဦးစားပေး ဆောင်ရွက်ပေးရမည်။

၂၈။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများသည် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် ခုခံအားကျဆင်းမှုရောဂါနှင့် အခြားကူးစက်မြန်ရောဂါခံစားနေရသူများကို မြန်ဆန်ထိရောက်စွာ ကူညီမှုပြုရမည်။

၂၉။ ဥပဒေဆိုင်ရာ အထောက်အကူပေးသူများက မိမိကိုယ်ကျိုးအတွက် ဆောင်ရွက်ခြင်း၊ လုပ်ငန်းဆိုင်ရာ စည်းကမ်းဖောက်ဖျက်ခြင်းနှင့် တရားနည်းလမ်းတကျဆောင်ရွက်သင့်သည့်လုပ်ငန်းများကို မဆောင်ရွက်ခြင်းများပေါ်ပေါက်လျှင် သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးအရေးယူရမည်။

၃၀။ ဥပဒေဆိုင်ရာအထောက်အကူပေးသူများက သဘောရိုးနှင့် ဆောင်ရွက်သဖြင့် နစ်နာမှုဖြစ်ပေါ်ရခြင်းအပေါ် တရားစွဲဆိုခွင့်မရှိစေရ။

၃၁။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့အဆင့်ဆင့်သည် ဥပဒေဆိုင်ရာအထောက်အကူပေးမည့်အမှု၏ ဖြစ်စဉ်အပေါ် အခြေပြု၍ ဦးစားပေးဆောင်ရွက်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာပေးရမည်။

## အခန်း (၁၀)
## အထွေထွေ

၃၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ လှူဒါန်းငွေများ သို့မဟုတ် ပစ္စည်းများကို စိစစ်လက်ခံနိုင်သည်။ အဆိုပါငွေနှင့် ပစ္စည်းများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်စွာ သုံးစွဲရမည်။

၃၃။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် -

(က) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီသုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ခ) သက်ဆိုင်ရာ ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

၃၄။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် လုပ်ငန်းစီမံခန့်ခွဲမှုကို အထောက်အကူပြုရန် လိုအပ်သောရုံးကိုဖွဲ့စည်း၍ ရုံးဝန်ထမ်းများကို ခန့်ထားနိုင်သည်။

၃၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တွင် ဤဥပဒေနှင့်အညီ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သူကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၃၆။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့်မသန်စွမ်းသူများ၏ မူလအခွင့်အရေးနှင့်စပ်လျဉ်း၍ လိုအပ်လျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်ရရှိရန် လျှောက်ထားရာ၌ အကူအညီပေးရမည်။

၃၇။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် အဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ၏ လုပ်ငန်းများကို စိစစ်သုံးသပ်နိုင်ရန် ၎င်းတို့ထံမှ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာများကို တောင်းယူနိုင်သည်။

၃၈။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုအစီရင်ခံစာကို ပြည်ထောင်စုအစိုးရအဖွဲ့ထံ ခြောက်လတစ်ကြိမ် တင်ပြရမည်။ မူဝါဒနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ လမ်းညွှန်ချက် တောင်းခံရမည်။

၃၉။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ အမိန့်ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၅**

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

**ကော်မတီအမည်နှင့် တာဝန်ကို ပြင်ဆင်သတ်မှတ်ခြင်း**

၁။ ပြည်သူ့လွှတ်တော်က ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၁ ဖြင့် ဖွဲ့စည်းခဲ့သည့် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အမည်ကို **"အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေး ကော်မတီ"** ဟု ပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၁ တွင် ဖော်ပြထားသည့် ကော်မတီ၏တာဝန်များခေါင်းစဉ် အောက်ရှိ အပိုဒ် ၄၊ အပိုဒ်ခွဲ (က) ပါ ပြဋ္ဌာန်းချက်ကို အောက်ပါအတိုင်း ပြင်ဆင်လိုက်သည် -

၄။ ကော်မတီသည် -

(က) စီမံကိန်းများ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာကိစ္စရပ်များ စနစ်တကျရှိစေရေးနှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက် ပေးရမည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၅**

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

**ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီတွင် အဖွဲ့ဝင်တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်၏ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၌ အောက်ဖော်ပြပါ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် (၂) ဦးအား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ၁။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၇) |
| ၂။ | ဦးအောင်ကြည်ညွန့် | မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၄) |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## အမိန့်ကြော်ငြာစာအမှတ် (၁၀၂/၂၀၁၅)

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက် )

## "ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ" ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် နိုင်ငံတစ်ဝန်းလုံးရှိ တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ လုပ်ငန်းများနှင့် တာဝန်များကို စနစ်တကျနှင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်လည်းကောင်း၊ ၎င်းနဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲမှုနှင့် အကဲဖြတ်စိစစ်မှုများ ပြုလုပ်နိုင်ရန်လည်းကောင်း၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်နိုင်ရန်လည်းကောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၁) ဖြင့် ဖွဲ့စည်းထားသော **"ပြည်ထောင်စုတရားလွှတ်တော်ချုပ်စီမံခန့်ခွဲရေးကော်မတီ"**ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးထွန်းထွန်းဦး<br>ပြည်ထောင်စုတရားသူကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ဦးသာဋ္ဌေး<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး | အဖွဲ့ဝင် |
| (ဂ) | ဦးစိုးညွန့်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ဃ) | ဦးမြသိမ်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (င) | ဦးမြင့်အောင်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (စ) | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ဆ) | ဦးမြင့်ဟန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ/ထောက်ပံ့)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (လေ့ကျင့်/သုတေသန)<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | အဖွဲ့ဝင် |

(ဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး) အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(ဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ထုံး/စစ်ဆေးရေး) အဖွဲ့ဝင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

(တ) ရုံးအဖွဲ့မှူး အတွင်းရေးမှူး
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး

၂။ "ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ" သည် နိုင်ငံတစ်ဝန်းလုံးရှိ တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားလာရေးနှင့် ဌာနဆိုင်ရာလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်ညီညွတ်စွာ ဆောင်ရွက်ရေး၊ ဝန်ထမ်းရေးရာကိစ္စများ၊ ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ရေးအတွက် အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များသည် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်လည်းကောင်း၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးတို့မှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်လည်းကောင်း ညီညွတ်စွာဆောင်ရွက်ခြင်း ရှိ-မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ခ) တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်ရှိ ဝန်ထမ်းအဖွဲ့အစည်းများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို တိကျစွာ သတ်မှတ်ပေးရန်နှင့် သတ်မှတ်ထားသော တာဝန်များအတိုင်း တိကျစွာဆောင်ရွက်ခြင်း ရှိ-မရှိ စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဂ) တရားလွှတ်တော်များ၊ တရားလွှတ်တော် တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးတစ်ရုံးစီ၏ လုပ်ငန်းပမာဏကို လေ့လာဆန်းစစ်၍ လုပ်ငန်းပမာဏနှင့် လျော်ညီသော ဝန်ထမ်းအင်အားကို တစ်နိုင်ငံလုံး၏ ဖွဲ့စည်းပုံအင်အားဘောင်အတွင်းမှ ထားရှိရေးအတွက် ညှိနှိုင်းစီစဉ်ဆောင်ရွက်ရန်၊

(ဃ) လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် ဝန်ထမ်းတစ်ဦးချင်း၏ အရည်အသွေးတိုးတက်လာရေးအတွက် လုပ်ငန်းခွင်သင်ကြားရေးနှင့်လေ့ကျင့်ရေးအစီအစဉ်များကိုလည်းကောင်း၊ တရားစီရင်ရေးကဏ္ဍတွင် အတွေ့အကြုံနှင့် ဗဟုသုတကြွယ်ဝစေရန် ပြည်ပနိုင်ငံများသို့ ပညာသင်စေလွှတ်ရေး၊ သုတေသနပြုရေးကိစ္စများအတွက် အစီအစဉ်များကိုလည်းကောင်း ချမှတ်ဆောင်ရွက်ရန်၊

(င) နိုင်ငံတော်အပေါ် ဝန်ထမ်းများထားရှိရမည့် သဘောထားခံယူချက်မှန်ကန်ရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးမှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(စ) တရားရေးအရာရှိများ၊ တရားရုံးဝန်ထမ်းများခန့်ထားခြင်းနှင့်ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်ကွပ်ကဲ လမ်းညွှန်ရန်၊

(ဆ) ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေး၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ဝန်ထမ်းသက်သာချောင်ချိရေးကိစ္စများကို အစီအစဉ်များချမှတ်၍ စနစ်တကျ စီမံကွပ်ကဲဆောင်ရွက်ရန်၊

(ဇ) လာဘ်ပေးလာဘ်ယူတားဆီးရေးနှင့် ဖော်ထုတ်အရေးယူရေးအတွက် စီမံချက်များရေးဆွဲ၍ စီမံချက်အတိုင်း အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို စိစစ်ကြပ်မတ်၍ လိုအပ်သည်များကို ညွှန်ကြားရန်၊

(ဈ) တရားစီရင်ရေးလုပ်ငန်း၊ တရားရုံးစီမံခန့်ခွဲရေးလုပ်ငန်းနှင့် ထောက်ပံ့ရေးဆိုင်ရာလုပ်ငန်းများကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်မည့်စနစ်နှင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန်၊

(ည) နိုင်ငံတော်သို့ အဆိုပြုတင်ပြတောင်းခံရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်များ၏ ရသုံးမှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားရန်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး လမ်းညွှန်မှုပြုလုပ်ရန်၊

(ဋ) နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံးစရိတ်ကျခံ သုံးစွဲခြင်းများနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေးအတွက် စိစစ်ကြပ်မတ်ရန်၊

(ဌ) နိုင်ငံတော်ဘဏ္ဍာငွေများ ခြိုးခြံချွေတာသုံးစွဲမှုကိုရှေးရှု၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားလွှတ်တော်များ၊ တရားလွှတ်တော်တရားရေးဦးစီးမှူးရုံးများနှင့် တရားရုံးအဆင့်ဆင့်၏ ငွေကြေးသုံးစွဲမှုများကို တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ခြိုးခြံချွေတာစွာ သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်။

၃။ "ပြည်ထောင်စုတရားလွှတ်တော်ချုပ် စီမံခန့်ခွဲရေးကော်မတီ" သည် အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပသွားရန် ဖြစ်ပါသည်။

၄။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် )

### တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း

၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သည် မူလဥပဒေ အခန်း (၃)၊ ပုဒ်မ (၇) **"ဦးဆောင်အဖွဲ့သည် ဤဥပဒေ၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်လုပ်ငန်းကော်မတီများ သို့မဟုတ် လုပ်ငန်းအဖွဲ့များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထောင်စုနယ်မြေဆိုင်ရာ အုပ်ချုပ်မှုအဖွဲ့အစည်းတို့မှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ အခြားလုပ်ငန်းဆိုင်ရာ အတွေ့အကြုံရှိသူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။"** ဟု ဖော်ပြထားရှိပါသည်။

၂။ အထက်ပါဥပဒေတွင် ပြဋ္ဌာန်းထားရှိသည်နှင့်အညီ နေပြည်တော်ကောင်စီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဥပဒေနှင့်နည်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်နိုင်ရန်အတွက် အောက်ပါအတိုင်း **"လုပ်ငန်းအဖွဲ့များ"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဥက္ကဋ္ဌ၊ ပြည်ထောင်စုနယ်မြေ<br>ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| (ခ) | ပြည်နယ်/တိုင်းဒေသကြီး<br>စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်နယ်/တိုင်းဒေသကြီးအဆင့်<br>လွှတ်တော်ကိုယ်စားလှယ် (တစ်) ဦး | အဖွဲ့ဝင် |
| (င) | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဆ) | ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | စိုက်ပျိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | သမဝါယမဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | စိုက်ပျိုးရေးကဏ္ဍဆိုင်ရာကိုယ်စားလှယ် (တစ်) ဦး | အဖွဲ့ဝင် |
| (ဋ) | မွေးမြူရေးကဏ္ဍဆိုင်ရာကိုယ်စားလှယ် (တစ်) ဦး | အဖွဲ့ဝင် |
| (ဌ) | ပြည်နယ်/တိုင်းဒေသကြီး<br>စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး | အတွင်းရေးမှူး |

အမိန့်အရ

မြင့်လှိုင်၊
အတွင်းရေးမှူး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သတ္တုတွင်းဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက် )

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်ဆိုင်ရာ လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဦးငွေးအောင်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) သတ္တုတွင်းလုပ်ငန်း | ဥက္ကဋ္ဌ |

(ခ) ဦးကျော်ဒင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(ဂ) ဦးစန်းလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

(ဃ) ဦးကျော်သက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သတ္တုတွင်းဦးစီးဌာန

(င) ဒေါက်တာမြင့်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

(စ) ဦးအောင်မြတ်သူ — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

(ဆ) ဒေါက်တာနေဇာလင်း — တွဲဖက်အတွင်းရေးမှူး
လက်ထောက်အင်ဂျင်နီယာ
အမှတ် (၃) သတ္တုတွင်းလုပ်ငန်း

၂။ သတ္တုတွင်းဝန်ကြီးဌာန၏ စွမ်းအင်ဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်၏ စွမ်းအင်ကိစ္စအရပ်ရပ်တွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိသည့် ကျောက်မီးသွေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကျောက်မီးသွေးသတ္တုသိုက်များ တိုးချဲ့ရှာဖွေရေးနှင့် ထုတ်လုပ်မှုပမာဏ တိုးမြှင့်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရန်၊

(ခ) ဆောင်ရွက်မှုအခြေအနေများအား ဝန်ကြီးရုံးမှတစ်ဆင့် အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီသို့ လစဉ်တင်ပြနိုင်ရေး စီမံဆောင်ရွက်ရန်၊

(ဂ) အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်များအား အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရန်၊

(ဃ) အခါအားလျော်စွာ ပေါ်ပေါက်လာသော အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီနှင့် ဆက်စပ်သည့် ကိစ္စရပ်များ ဆောင်ရွက်ရန်။

၃။ သတ္တုတွင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၄) အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်အောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သတ္တုတွင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဘဏ္ဍာရေးဝန်ကြီးဌာန

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၈၀/၂၀၁၅

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

၁။　ဤစည်းမျဉ်းများကို **ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ** ဟု ခေါ်တွင်စေရမည်။

၂။　ဤစည်းမျဉ်းများသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။　ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင်ပါရှိသော “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး” ဆိုသည့်စကားရပ်ကို “ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးဌာနမှူး” ဆိုသည့်စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၄။　ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၂၊ စည်းမျဉ်းခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

၅။　ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃။　နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် -

(က)　မိမိလုပ်ငန်းမစတင်မီ တစ်လကြိုတင်၍ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးထံ သတ်မှတ်သည့် ပုံစံဖြင့် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားရမည်။

(ခ)　မှတ်ပုံတင်လက်မှတ်တွင် သတ်မှတ်သောကာလကုန်ဆုံးပြီးနောက် မိမိဆောင်ရွက်နေသည့် လုပ်ငန်းအားဆက်လက်လုပ်ကိုင်လိုပါက မှတ်ပုံတင်လက်မှတ်သက်တမ်းမကုန်ဆုံးမီ တစ်လကြိုတင်၍ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ သတ်မှတ်သည့်ပုံစံဖြင့် လျှောက်ထားရမည်။

(ဂ)　ပြည်ပနေနိုင်ငံခြားသားဖြစ်ပါက စည်းမျဉ်း ၄၇ အရ ကိုယ်စားလှယ်အဖြစ် မှတ်ယူခြင်းခံရသူက လုပ်ငန်းမှတ်ပုံတင်ရန်အလို့ငှာ ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များကိုလိုက်နာဆောင်ရွက်ရမည်။”

၆။　ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၄၊ ၅ နှင့် ၈ တို့တွင် ပါရှိသော “ကုန်ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ” ဆိုသည့် စကားရပ်အစား “ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ စည်းမျဉ်း ၆၊ ၇ နှင့် ၉ တို့တွင်ပါရှိသော “အခွန်စည်းကြပ်ထိုက်သည့်ရောင်းရငွေရှိမည့်ကုန်ထုတ်လုပ်သူ သို့မဟုတ် အခွန် စည်းကြပ်ထိုက်သော ဝန်ဆောင်မှုရငွေရှိမည့် ဝန်ဆောင်မှုဆောင်ရွက်သူ” ဆိုသည့်စကားရပ်ကို “အခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့်ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှု ဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူ” ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၇။　ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၈။ အခွန်ထမ်းက ပိုမိုပေးသွင်းခဲ့သည့် အခွန်ကို ဥပဒေပုဒ်မ ၁၆ အရ ပြန်အမ်းသည့်အခါ -

(က)　ပေးသွင်းငွေသည် ကျပ်ငွေဖြစ်ပါက ကျပ်ငွေဖြင့် ပြန်အမ်းရမည်၊

(ခ) ပေးသွင်းငွေသည် နိုင်ငံခြားငွေဖြစ်ပါက ပေးသွင်းသောနိုင်ငံခြားငွေ အမျိုးအစားဖြင့်ဖြစ်စေ၊ ပြန်အမ်းငွေ ထုတ်ပေးသည့်နေ့တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်သည့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် တန်ဖိုးဖလှယ်၍ ရရှိသော ကျပ်ငွေဖြင့်ဖြစ်စေ ပြန်အမ်းရမည်။"

၈။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၂၂ နှင့် ၂၄ တို့တွင် ပါရှိသော "အခွန်ထမ်း" ဆိုသည့်စကားရပ်ကို "အယူခံဝင်သူ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၃၆ နောက်တွင် စည်းမျဉ်း ၃၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၃၆-က။ နေ့စဉ်ပုံမှန်ကျင်းပသောဖျော်ဖြေမှုလုပ်ငန်းဖြစ်သောကြောင့် စည်းမျဉ်း ၃၆ ပါအတိုင်း လိုက်နာဆောင်ရွက်ရန်အခက်အခဲရှိလျှင် ဖျော်ဖြေမှုကိုတာဝန်ယူကျင်းပသူသည် ခိုင်လုံသောအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်ပြနိုင်သည်။ ယင်းတင်ပြချက်ကို ရရှိသည့်အခါ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် လိုအပ်သလိုစိစစ်မှုများပြုလုပ်၍ အခွန်ထမ်းအနေဖြင့်လိုက်နာဆောင်ရွက်ရန် အမှန်တကယ်အခက်အခဲရှိကြောင်းယုံကြည်ကျေနပ်လျှင် ယင်းဖျော်ဖြေမှုကို တာဝန်ယူကျင်းပသူအား နေ့စဉ်ဖျော်ဖြေမှုရငွေ ကြေညာချက်သတ်မှတ်ပုံစံနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို ဖျော်ဖြေမှုကျင်းပသည့် လကုန်ဆုံးပြီးခုနစ်ရက်အတွင်း သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့စေရမည်။"

၁၀။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ အခန်း ၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း ၉**

**ပြေစာထုတ်ပေး၍ အခွန်ကောက်ခံရန် နည်းလမ်းများ**

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှု ဆောင်ရွက်သူသည် -

(၁) စည်းမျဉ်း ၄၉ စည်းမျဉ်းခွဲ (ခ) နှင့် (ဂ) ပါ အချက်အလက်များ ပါဝင်သည့် ပြေစာစာအုပ်များကို တံဆိပ်ရိုက်နှိပ်နိုင်ရန် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ကြိုတင်ပေးပို့ထားခြင်း သို့မဟုတ် စည်းမျဉ်း ၄၉ စည်းမျဉ်းခွဲ (ခ) နှင့် (ဂ) ပါအချက်အလက်များပါဝင်သည့် မည်သည့်ပြေစာအမျိုးအစားတွင်မဆို ကပ်နှိပ်နိုင်ရန် အခွန်အမှတ်တံဆိပ်များ ကြိုတင်ရယူထားခြင်း ပြုလုပ်ရမည်။

(၂) လစဉ် အခွန်ပေးသွင်းနိုင်ရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့နိုင်ရန် ငွေသွင်းချလန်များနှင့် ကြေညာလွှာပုံစံများကို သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ကြိုတင်ရယူထားရမည်။

(၃) သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက တံဆိပ်ရိုက်နှိပ်ပေးထားသောပြေစာဖြင့် သို့မဟုတ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ပြေစာဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေနှင့်အတူ ကျသင့်သည့် အခွန်ကို ကုန်စည်ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံမှ တစ်ပါတည်း ကောက်ခံရမည်။

(၄) စည်းမျဉ်းခွဲ (၃) အရ ကောက်ခံရရှိသည့် အခွန်ငွေကို သက်ဆိုင်ရာလကုန်ဆုံးပြီး ၁၀ ရက် အတွင်း ငွေသွင်းချလန်ဖြင့် သက်ဆိုင်ရာဘဏ်သို့ ပေးသွင်းရမည်။

(၅) စည်းမျဉ်းခွဲ (၄) အရ အခွန်ငွေ ပေးသွင်းပြီးပါက ချလန်အမှတ်နှင့် ရက်စွဲကို သက်ဆိုင်ရာ သုံးလတစ်ကြိမ်ကြေညာလွှာတွင် ရေးသွင်းဖော်ပြ၍ ယင်းကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက်တစ်လအတွင်း သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ ပေးပို့ရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပြေစာထုတ်ပေးရာတွင် ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်နှင့် ညီမျှသည့်တန်ဖိုးအတွက် သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထုတ်ပေးခြင်း

နည်းလမ်း များကိုဖြစ်စေ၊ ပြေစာထုတ်ပေး၍ အခွန်ကောက်ခံသည့်နည်းလမ်းနှင့်စပ်လျဉ်း၍ လက်တွေ့ဆောင်ရွက်ရန် ခက်ခဲသည့်ကိစ္စများအတွက် ဆောင်ရွက်ရန် နည်းလမ်းများကို ဖြစ်စေ ညွှန်ကြားချက်များ ထုတ်ပြန်၍ သတ်မှတ်ပေးနိုင်သည်။

၄၁။ ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိမည့် ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်သွယ်မှုဆောင်ရွက်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူသည် စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ (က) အရ တံဆိပ်ရိုက်နှိပ်ထားသောပြေစာထုတ်ပေးသည့် နည်းလမ်းဖြင့် အခွန်ကောက်ခံရန် အခက်အခဲရှိလျှင် ခိုင်လုံသောအကြောင်းပြချက်ဖြင့် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီး ဌာနမှူးထံ တင်ပြနိုင်သည်။ သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းတင်ပြချက်ကိုရရှိသည့်အခါ လိုအပ်သလိုစိစစ်၍ အခွန်ထမ်းအနေဖြင့် လိုက်နာဆောင်ရွက်ရန် အမှန်တကယ် အခက်အခဲရှိကြောင်း ယုံကြည်ကျေနပ်လျှင် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများ ဆိုင်ရာ အခွန်ရုံးဌာနမှူး၏ အတည်ပြုချက်ဖြင့် ယင်းအခွန်ထမ်းအား အောက်ပါစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်စေရမည် -

(က) မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ တံဆိပ်ရိုက်နှိပ်ပေးထားသည့် ပြေစာထုတ်ပေးသည့် နည်းလမ်း အစား ကွန်ပျူတာစနစ်ကိုအသုံးချ၍ ပြေစာကို ထုတ်ပေးသည့် နည်းလမ်းဖြင့် အခွန် ကောက်ခံခြင်းဖြစ်ပါက နေ့စဉ်ရောင်းရငွေ၊ နေ့စဉ်ကောက်ခံရရှိသည့် အခွန်ငွေများ ရေးသွင်း ဖော်ပြထားသည့် ငွေစာရင်းမှတ်တမ်းကို သတ်မှတ်သည့်ပုံစံဖြင့် စနစ်တကျထားရှိရမည်။

(ခ) ပြေစာထုတ်ပေးခြင်းမပြုဘဲ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် ကျသင့်သော အခွန်ကို တစ်ပါတည်းထည့်သွင်းကောက်ယူသည့် နည်းလမ်းဖြင့် အခွန်ကောက်ခံခြင်း ဖြစ်ပါက ထိုသို့နေ့စဉ် ကောက်ခံရရှိသောငွေများ ရေးသွင်းဖော်ပြထားသည့် ငွေစာရင်း စာအုပ်ကို သတ်မှတ်သည့်ပုံစံဖြင့် စနစ်တကျထားရှိရမည်။

(ဂ) ကောက်ခံရရှိသည့် အခွန်ငွေနှင့် စပ်လျဉ်း၍ စည်းမျဉ်း ၄၀၊ စည်းမျဉ်းခွဲ (က) တွင်ပါရှိသည့် အတိုင်းဆောင်ရွက်ရမည်။

၄၁-က။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားပါ အခွန်ခုနှိမ်ခွင့်မရှိသည့်အထူးကုန်စည် များကို ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူမှ ကုန်စည်ကို ပြန်လည်ရောင်းချရာတွင် ကောက်ခံရမည့် ကုန်သွယ်လုပ်ငန်းခွန်ကို ရောင်းရငွေနှင့်အတူ တစ်ပါတည်းကောက်ခံ၍ အခွန်ပေးဆောင်ပြီးသော ကုန်စည်ဖြစ်ကြောင်း အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ကုန်စည်ကို ထုတ်ပေးရမည်။ ကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်သွင်းသူက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ကုန်စည်ကို လွှဲပြောင်း ထုတ်ပေးခြင်းသည် ရောင်းချသည့်ကုန်စည်အတွက် အရောင်းတန်ဖိုးတွင် အခွန်အပါအဝင်ဖြစ်ကြောင်း အထောက်အထားဖြစ်သည်။

၄၁-ခ။ ညွှန်ကြားရေးမှူးချုပ်သည် ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနက အခွန်အမှတ် တံဆိပ်ကပ်နှိပ်ရောင်းချရန် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သည့် ကုန်စည်အမျိုးအစားအတွက် အခွန်အမှတ်တံဆိပ်ထုတ်ယူခြင်း၊ ကပ်နှိပ်ခြင်း၊ ရောင်းချခြင်း၊ အခွန်ပေးသွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့်နည်းလမ်းများကို သတ်မှတ်နိုင်သည်။"

၁၁။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၂။ ဥပဒေအရ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက် ရမည်-

(က) ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့်အခွန်မှ ယင်းကုန်စည် ထုတ်လုပ်ရန် ပြည်ပမှဝယ်ယူတင်သွင်းသော သို့မဟုတ် ပြည်တွင်း၌ အခြား ကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူထံမှဖြစ်စေ ဝယ်ယူသော

ကုန်ကြမ်း သို့မဟုတ် တစ်ပိုင်းတစ်စပြုလုပ်ပြီးသော ကုန်စည်များအတွက် ပေးဆောင်ခဲ့ပြီးသော အခွန်ကို ခုနှိမ်နိုင်သည်။

(ခ) ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်သူသည် မိမိရောင်းချသည့် ကုန်စည်အပေါ် ကျသင့်အခွန်မှ ယင်းကုန်စည်ကို ပြည်ပမှ ဝယ်ယူတင်သွင်းစဉ်က သို့မဟုတ် ပြည်တွင်း၌ အခြားကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူထံမှဖြစ်စေ၊ ကုန်ထုတ်လုပ်သူထံမှ ဖြစ်စေ ဝယ်ယူစဉ်က ပေးဆောင်ခဲ့ပြီးသည့် အခွန်ကို ခုနှိမ်နိုင်သည်။

(ဂ) ဝန်ဆောင်မှုဆောင်ရွက်သူသည် မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် အခွန်မှ ဝန်ဆောင်မှုလုပ်ငန်းအတွက် အသုံးပြုသည့်ကိစ္စရပ်အပေါ် ပေးဆောင်ခဲ့ပြီးသည့် အခွန်ကိုခုနှိမ် နိုင်သည်။

(ဃ) ကုန်ထုတ်လုပ်သူ သို့မဟုတ် ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူသည် ကုန်ကြမ်း သို့မဟုတ် တစ်ပိုင်းတစ်စပြုလုပ်ပြီးသော ကုန်စည် သို့မဟုတ် ကုန်ချောကို ပြည်ပမှဝယ်ယူတင်သွင်းခြင်းဖြစ်ပါက သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ်နှစ်စောင်ပြုစုပြီး မူရင်းခွဲကို မိမိနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။ ပြည်တွင်း၌ ဝယ်ယူခြင်းဖြစ်ပါက ကုန်စည်ရောင်းချသူသည် သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ် သုံးစောင်ပြုစု၍ မူရင်းကို ဝယ်ယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့ လည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ်သိမ်းဆည်းထားရမည်။

(င) ဝန်ဆောင်မှု ဆောင်ရွက်သူသည် ဝန်ဆောင်မှုရငွေနှင့်အတူ ကောက်ခံထားသည့် အခွန်နှင့် ပတ်သက်၍ သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ်သုံးစောင်ပြုစု၍ မူရင်းကို ဝန်ဆောင်မှု ရယူသူသို့လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝန်ဆောင်မှုရယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံသို့လည်းကောင်းပေးပို့၍ ကျန်မူရင်းခွဲတစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

(စ) စည်းမျဉ်းခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) အရ အခွန်ခုနှိမ်သူသည် ထိုသို့ အခွန်ခုနှိမ်ကြောင်း သတ်မှတ်ပုံစံနှင့်အတူ စည်းမျဉ်းခွဲ (ဃ) နှင့် (င) တို့အရ သက်သေခံလက်မှတ် သို့မဟုတ် လက်မှတ်များကို ပူးတွဲလျက် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ တင်ပြရမည်။ သို့ရာတွင် ကုန်ထုတ်လုပ်သူက ကုန်ချောကုန်စည်ထုတ်လုပ်ရာတွင် ပျက်စီးဆုံးရှုံးသွားသည့် ကုန်ကြမ်း သို့မဟုတ် ပျက်စီးဆုံးရှုံးသွားသော တစ်ပိုင်းတစ်စ ပြုလုပ်ပြီးသော ကုန်စည်အပေါ် ကျသင့်သည့်အခွန်ကို ခုနှိမ်ခွင့်မရှိစေရ။ အလားတူ ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူက ပျက်စီးဆုံးရှုံးသည့် ကုန်စည်အပေါ်တွင်လည်း အခွန်ခုနှိမ်ခွင့် အကျိုးခံစားခွင့် မရှိစေရ။

(ဆ) အခွန်ခုနှိမ်ရာတွင် ခုနှိမ်ငွေသည် ကုန်စည်ပြန်လည်ရောင်းချခြင်းအပေါ် ကျသင့်သည့် အခွန်ထက် မပိုစေရ။

(ဇ) ဤစည်းမျဉ်းတွင် အကျုံးဝင်သည့် ကုန်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်ဝယ်ယူရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့သည် လည်းကောင်း၊ ပြည်ပမှ ကုန်စည်တင်သွင်းသူသည် လည်းကောင်း ဥပဒေအရ မှတ်ပုံတင်ပြီးသူများ ဖြစ်ရမည်။

(စျ) ဤစည်းမျဉ်းအရ ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်သည် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေဖြင့် အခွန်ခုနှိမ်ခွင့်မရှိကြောင်း သတ်မှတ်ထားသည့် ကုန်စည်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ည) ညွှန်ကြားရေးမှူးချုပ်သည် အခွန်ခုနှိမ်ခွင့်နှင့် စပ်လျဉ်း၍ အသုံးပြုရမည့် သက်သေခံလက်မှတ်ပုံစံများကို ထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၂။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ အခန်း ၁၂ ၏ နောက်တွင် အခန်း ၁၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

**"အခန်း ၁၂-က**

**နိုင်ငံခြားငွေဖြင့် ရရှိသူများအား စည်းကြပ်ခြင်း**

၄၈-က။ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွင်း အခွန်ထမ်း၏ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေတွင် နိုင်ငံခြားငွေပါဝင်ပါက အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) နိုင်ငံခြားငွေဖြင့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နေ့စဉ်သတ်မှတ်သော နိုင်ငံခြားငွေ လဲလှယ်နှုန်းဖြင့် နိုင်ငံခြားငွေမှ ကျပ်ငွေသို့ဖလှယ်၍ တန်ဖိုးသင့်ရမည်။

(ခ) နိုင်ငံခြားငွေဖြင့်ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေကို တစ်ကြိမ်တည်းဖြင့် ရရှိခဲ့ခြင်း ဖြစ်ပါက ယင်းငွေရရှိသည့်နေ့၏ ငွေလဲလှယ်နှုန်းဖြင့်လည်းကောင်း၊ တစ်ကြိမ်ထက်ပိုမို ရရှိခဲ့ခြင်းဖြစ်ပါက ထိုသို့ရရှိသည့်နေ့အသီးသီး၏ ငွေလဲလှယ်နှုန်းများကို ပျမ်းမျှခြင်း ပြုလုပ်၍ ယင်းပျမ်းမျှနှုန်းဖြင့် လည်းကောင်း နိုင်ငံခြားငွေမှ ကျပ်ငွေသို့ ဖလှယ်၍ တန်ဖိုးသင့်ရမည်။

(ဂ) အခွန်ထမ်း၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေသည် နိုင်ငံခြားငွေဖြင့်သာ ရရှိခြင်းဖြစ်ပါက စည်းမျဉ်းခွဲ (ခ) ပါအတိုင်း တန်ဖိုးဖလှယ်၍ ရရှိသည့် ကျပ်ငွေ စုစုပေါင်းကို စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအဖြစ် သတ်မှတ်၍ ကျပ်ငွေဖြင့် ပေးဆောင်ရမည့်အခွန်ကို တည်ဆဲအခွန်နှုန်းဖြင့် တွက်ချက်သတ်မှတ်ရမည်။

(ဃ) အခွန်ထမ်း၏ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေသည် ကျပ်ငွေအပြင် နိုင်ငံခြား ငွေလည်း ပါဝင်ပါက ယင်းကျပ်ငွေနှင့် ယင်းနိုင်ငံခြားငွေကို စည်းမျဉ်းခွဲ (ခ) ပါအတိုင်း တန်ဖိုးဖလှယ်၍ ရရှိသည့် ကျပ်ငွေတို့၏ စုစုပေါင်းကို စုစုပေါင်းရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအဖြစ် သတ်မှတ်၍ ကျပ်ငွေဖြင့်ပေးဆောင်ရမည့်အခွန်ကို တည်ဆဲ အခွန်နှုန်းဖြင့် တွက်ချက်သတ်မှတ်ရမည်။

(င) ဥပဒေပုဒ်မ ၁၂ အရ ဘဏ္ဍာရေးနှစ်အတွင်း လစဉ်ကျသင့် အခွန်ပေးသွင်းခြင်းကို အခွန်ထမ်းက အထက်ပါ စည်းမျဉ်းခွဲများပါအတိုင်း တွက်ချက်၍ ပေးဆောင်ရမည်။

(စ) ဤစည်းမျဉ်းပါပြဋ္ဌာန်းချက်များသည် ပြည်ပပို့ကုန်အပေါ် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များ ပြည်ပသို့ တင်ပို့ရောင်းချခြင်းမှ ရောင်းရငွေနှင့် သက်ဆိုင်ခြင်း မရှိစေရ။ အဆိုပါကုန်စည်များအတွက် စုစုပေါင်းပို့ကုန်ရောင်းရငွေမှ နိုင်ငံခြားငွေဖြင့်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ကို နုတ်ပယ်ပြီး ကျန်ရှိသည့် အသားတင်ရောင်းရငွေအပေါ်တွင်သာ ဝင်ငွေခွန်တွက်ချက်ရန် အလို့ငှာ စည်းမျဉ်းခွဲ (က) နှင့် (ခ) ပါအတိုင်း နိုင်ငံခြားငွေမှ ကျပ်ငွေသို့ ဖလှယ်၍ တန်ဖိုးသင့်ရမည်။"

၁၃။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၅၅။ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စည်းမျဉ်းများပါ သတ်မှတ်ချက်များကို လွယ်ကူစွာ လိုက်နာ ဆောင်ရွက်နိုင်ရန်အလို့ငှာ -

(က) ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် မပြုသည့်ကန့်သတ်ကုန်စည်စာရင်းကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် လိုအပ်သောပုံစံများ၊ အခွန်တွက်ချက်စည်းကြပ်ခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ နည်းစနစ်များထုတ်ပြန်သတ်မှတ်နိုင်သည်။"

၁၄။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅ နောက်တွင် စည်းမျဉ်း ၅၅-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၅၅-က။ သက်ဆိုင်ရာ နှစ်အလိုက် ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီထိုက်သင့်သော ချိုးမြှင့်မှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာ သင့်လျော်သော ပမာဏကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲတောင်းခံ၍ သုံးစွဲနိုင်သည်။"

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၈၁/၂၀၁၅

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤစည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းများကို **ဝင်ငွေခွန်စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းများသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်စည်းမျဉ်းများ၏ အခန်း ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

### "အခန်း ၄
### အယူခံခြင်း

၅။ (က) အခွန်ထမ်းသည် မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သော မိမိနှင့်သက်ဆိုင်သည့် အမိန့်တစ်ရပ်ရပ်ကို အယူခံဝင်လိုပါက -

(၁) ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးထံ သတ်မှတ်ထားသည့် အယူခံလွှာပုံစံဖြင့် တင်သွင်းရမည်။

(၂) မှန်ကန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးထားသော မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့်မိတ္တူကို အယူခံလွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(ခ) အခွန်ထမ်းသည် အခွန်ငွေကို အပြေအကျေပေးဆောင်ခြင်းမရှိဘဲ မြို့နယ်အခွန်ဦးစီးဌာနမှူးက ချမှတ်သောအမိန့်ကို အယူခံဝင်ခွင့်ပြုပါရန် ဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ လျှောက်ထားလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့က ဤကိစ္စအတွက် တာဝန်လွှဲအပ်သော အဖွဲ့သို့ လျှောက်ထားရမည်။ အဆိုပါအဖွဲ့သည် လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(၁) အခွန်ထမ်းသည် အမှန်ပင် အခွန်ငွေကို အပြေအကျေပေးဆောင်နိုင်သူ ဟုတ်၊ မဟုတ် စိစစ်ရမည်။ လိုအပ်လျှင် ယင်းကိစ္စအတွက် မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးမေးမြန်းနိုင်သည်။

(၂) အခွန်ထမ်းသည် အခွန်ငွေကို အပြေအကျေ ပေးဆောင်နိုင်သူဖြစ်သည်ဟု ယူဆရန် အကြောင်းရှိလျှင် အခွန်ငွေကို အပြေအကျေပေးဆောင်စေပြီးမှသာ ယင်းအား အယူခံဝင် ခွင့်ပြုရမည်။

(၃) အခွန်ထမ်းသည် အခွန်ငွေကို အပြေအကျေ ပေးဆောင်နိုင်သူမဟုတ်ဟု ယူဆရန် အကြောင်းရှိလျှင် အခွန်ငွေတချို့တစ်ဝက်ကို သတ်မှတ်ပေးဆောင်စေပြီး ကျန်အခွန်ငွေအတွက် လုံလောက်သော အာမခံပစ္စည်းတင်သွင်းစေပြီးမှသာ အယူခံဝင်ခွင့်ပြုရမည်။

(ဂ) အခွန်ထမ်း သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) အရ အခွန်အယူခံခုံအဖွဲ့ထံ အယူခံဝင်ရာတွင် ယင်းအဖွဲ့က သတ်မှတ်ထားသော ပုံစံနှင့်အတူ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသည့် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးက ချမှတ်သည့် အမိန့်မိတ္တူကို ပူးတွဲ၍တင်ပြရမည်။

(ဃ) အခွန်အယူခံခုံအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်သည့်အခါ ဥပဒေရေးရာ ပြဿနာနှင့်စပ်လျဉ်း၍သာအယူခံဝင်ခွင့်ရှိသည်။ ယင်းသို့အယူခံဝင်ရာတွင် အယူခံလွှာနှင့်အတူ မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးထားသော အခွန်အယူခံခုံအဖွဲ့က ချမှတ်သည့် အမိန့်မိတ္တူကို ပူးတွဲ၍တင်ပြရမည်။

(င) ပြည်ထောင်စုတရားလွှတ်တော်ချုပ် သို့မဟုတ် အခွန်အယူခံခုံအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူးသည် အယူခံအမှုကို ဆုံးဖြတ်ရာတွင် -

(၁) လိုအပ်သည့်အမှုတွဲ သို့မဟုတ် စာရွက်စာတမ်းများကို သက်ဆိုင်ရာမှ တောင်းယူနိုင်သည်။

(၂) မည်သူ့ကိုမဆို စစ်ဆေးမေးမြန်းနိုင်သည်။

(၃) လိုအပ်သည့် သတင်းအချက်အလက်များကို တောင်းယူနိုင်သည်။

(စ) အယူခံမှုနှင့်စပ်လျဉ်း၍ အယူခံဝင်သူအားကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ ရှင်းလင်းတင်ပြခွင့်ပေးရမည်။ အယူခံဝင်သူက စာဖြင့် လျှောက်လဲတင်ပြလာလျှင်လည်း ခွင့်ပြုရမည်။"

၄။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၈၊ စည်းမျဉ်းခွဲ (ဂ)တွင်ပါရှိသော "အထက်ပါအတိုင်းတွက်ချက်နိုင်ရန်အလို့ငှာ ငွေလဲလှယ်နှုန်းမှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ဘဏ္ဍာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီဖြစ်သော ငွေလဲလှယ်နှုန်းဖြစ်သည်" ဆိုသည့်စကားရပ်ကို "အထက်ပါအတိုင်း တွက်ချက်ရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေလဲလှယ်နှုန်းဖြင့် တွက်ချက်ရမည်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၁ တွင် -

(က) "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံးဌာနမှူး" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူး သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံးဌာနမှူး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးဌာနမှူး" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) "မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့်စကားရပ်ကို "မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် ကုမ္ပဏီများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၃၊ စည်းမျဉ်းခွဲ (က) အောက်တွင်ပါရှိသော ဇယားကို အောက်ပါဇယားဖြင့် အစားထိုးရမည် -

| စဉ် | | | မ-တည်အပိုင်ပစ္စည်းအမျိုးအစား | မူရင်းတန်ဖိုးအပေါ် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | | | **အဆောက်အအုံ** | |
| | (က) | | လက်ရွေးစင်ပစ္စည်းများနှင့် သံချောင်းသွင်းကွန်ကရစ်များဖြင့် ဆောက်လုပ်ထားသော ခိုင်ခံ့တောင့်တင်းသည့် ပထမတန်းတိုက် | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၁၀ |
| | | (၂) | စက်ရုံအဆောက်အအုံမှအပ ကျန်အဆောက်အအုံများ | ၅ |
| | (ခ) | | သင့်ရုံခိုင်ခံ့တောင့်တင်းသည့် ဒုတိယတန်းတိုက် | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၁၅ |
| | | (၂) | စက်ရုံအဆောက်အအုံမှအပ ကျန်အဆောက်အအုံများ | ၁၀ |
| | (ဂ) | | အုတ်ကြွပ် သို့မဟုတ် သွပ်မိုးထားသည့်သစ်သားအဆောက်အအုံ | |
| | | (၁) | စက်ရုံအဆောက်အအုံများ | ၁၀ |
| | | (၂) | စက်ရုံအဆောက်အအုံမှအပ ကျန်အဆောက်အအုံများ | ၅ |
| | (ဃ) | | ဝါး၊ သက်ကယ်၊ ဓနိများဖြင့်ဆောက်လုပ်ထားသည့် အဆောက်အအုံ | အစားထိုးပြုပြင်ခြင်းအတွက်ကုန်ကျစရိတ်ကိုသာမန်အသုံးစရိတ်အဖြစ်ခွင့်ပြုမည်။ |
| ၂။ | | | **ပရိဘောဂများနှင့်အဆောက်အအုံတွင်တပ်ဆင်ထားသည့်ပစ္စည်းများ-** | |
| | (က) | | ပန်းကန်ခွက်ယောက်၊ ဖန်ထည်၊ ရက်ထည်နှင့်ပလတ်စတစ်ပိတ်များ။ | ခွင့်မပြုပါ။ (အစားထိုးရာ၌ ကုန်ကျစရိတ်များကိုသာမန်အသုံးစရိတ်အဖြစ်ခွင့်ပြုမည်။) |
| | (ခ) | | ဟိုတယ်၊ ရုပ်ရှင်ရုံနှင့် တည်းခိုခန်းများ၊ နေအိမ်ခန်းတွင် အသုံးပြုသည့် အိမ်ထောင်ပရိဘောဂ၊ တပ်ဆင်ထားသည့် ပစ္စည်းများ၊ ငွေထည်နှင့် မီးဖိုဆောင်သုံးပစ္စည်း။ | ၁၀ |
| | (ဂ) | | စက်ပစ္စည်းအမျိုးမျိုး | ၁၀ |
| ၃။ | | | **စက်ယန္တရားစု -** | |
| | (က) | | စက်အမျိုးမျိုး | ၁၀ |
| | (ခ) | | စက်ကိရိယာနှင့်စက်ပစ္စည်းအမျိုးမျိုး | ၁၀ |
| ၄။ | | | **ယာဉ်အမျိုးမျိုး** | |
| | (က) | | လေယာဉ် | ၅ |
| | (ခ) | | လူစီးယာဉ်အမျိုးမျိုး | ၁၀ |
| | (ဂ) | | ကုန်တင်ယာဉ် | ၂၀ |
| | (ဃ) | | သံထည်ခွံဖြင့် ဆောက်ထားသောစက်ရေယာဉ် | ၁၀ |
| | (င) | | သစ်သားခွံဖြင့်ဆောက်ထားသော စက်ရေယာဉ် | ၂၀ |
| | (စ) | | အခြားယာဉ်အမျိုးမျိုး | ၁၀ |

၇။ ဝင်ငွေခွန်စည်းမျဉ်းများ၏ အခန်း ၁၂ ခေါင်းစဉ် "ဝင်ငွေရရှိသည့်အချိန်၌ နုတ်ယူပေးသွင်းရန် နည်းလမ်းများ" ဆိုသည့်စကားရပ်ကို "ဝင်ငွေရရှိသည့်အချိန်၌ နုတ်ယူပေးသွင်းရန် နည်းလမ်းများနှင့် အခွန်ကိုကြိုတင်ပေးဆောင်ရန် နည်းလမ်းများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၄ နှင့်စပ်လျဉ်း၍ -

(က) စည်းမျဉ်းခွဲ (က) တွင်ပါရှိသော "ပုဒ်မခွဲ (ဃ) နှင့် (င)" ဆိုသည့် စကားရပ်ကို "ပုဒ်မခွဲ (က)" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) စည်းမျဉ်းခွဲ (ခ) နှင့် (ဂ) တို့တွင်ပါရှိသော "ပုဒ်မခွဲ (ဃ) နှင့် (င)" ဆိုသည့်စကားရပ်ကို "ပုဒ်မခွဲ (က) နှင့် (ခ)" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၄ နောက်တွင် စည်းမျဉ်း ၁၄-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"၁၄-က။ (က) လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ဝင်ငွေတစ်ရပ်ရပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဥပဒေပုဒ်မ ၁၆ (ခ) အရ သတ်မှတ်သော ဝင်ငွေအမျိုးအစားတစ်ရပ်ရပ်မှအပ ကျန်ဝင်ငွေ ခေါင်းစဉ်ပါ ဝင်ငွေအမျိုးအစားများနှင့် စပ်လျဉ်း၍ အခွန်ထမ်းသည် ဝင်ငွေနှစ်အတွင်း မိမိရရှိသည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်၍ ယင်းအပေါ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့်ကျသင့်သည့်အခွန်ကို သုံးလ တစ်ကြိမ်အရစ်ဖြင့် သက်ဆိုင်ရာ သုံးလမကုန်မီ ငွေသွင်းချလန်ဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။

သို့ရာတွင် အခြေပစ္စည်းမှ မြတ်စွန်းငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ သတ်မှတ်အခွန်နှုန်းဖြင့် ကျသင့်မည့် အခွန်ငွေကို ခန့်မှန်းတွက်ချက်၍ အခြေပစ္စည်းကိုရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း ငွေသွင်းချလန်ဖြင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၏ ဘဏ်ငွေစာရင်းသို့ ကြိုတင်ပေးသွင်းရမည်။

(ခ) ဥပဒေပုဒ်မ ၁၆-ခ အရ ဝင်ငွေနှစ်အတွင်း ကြိုတင်ခွန်ပေးဆောင်စေခြင်းအတွက် လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများ သတ်မှတ်ထားခြင်းရှိပါက မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ထိုသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အခွန်ထမ်းအား ကြိုတင်ခွန်ပေးဆောင်စေရန် ဆောင်ရွက်ရမည်။"

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၁၈၂/၂၀၁၅

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **ဝင်ငွေခွန်နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများသည် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၃ တွင် နည်းဥပဒေခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဃ) ဥပဒေပုဒ်မ ၆ ပါ သားသမီးအတွက် သက်သာခွင့်များ ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ အခွန်ထမ်း၏ အိမ်ထောင်ဖက်သည် ထိုဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့်ဝင်ငွေတစ်ရပ်ရပ်ရရှိသူဖြစ်ပါက အခွန်ထမ်း သို့မဟုတ် ယင်း၏ အိမ်ထောင်ဖက်တစ်ဖက်တည်းတွင်သာ နုတ်ပယ်ရမည်။"

၄။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄။ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) (ဃဃ) ပါ ငွေစုဆောင်းခြင်းအတွက် ထည့်ဝင်ငွေဆိုသည်မှာ လူမှုဖူလုံရေးဥပဒေအရ မှတ်ပုံမတင်မနေရမှတ်ပုံတင်ပြီး လူမှုဖူလုံရေးရန်ပုံငွေသို့ အခွန်ထမ်းမှ ပေးသွင်းသည့် ထည့်ဝင်ကြေးငွေအားလုံး ဖြစ်သည်။"

၅။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၅ တွင် -

(က) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) မည်သူမဆို အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်သည့် နှစ်တစ်နှစ်အတွင်း အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရသတ်မှတ်သည့် ဝင်ငွေခွန် မစည်းကြပ်ထိုက်သော တန်ဖိုးထက် ပိုမိုသည့်အပြင် မြတ်စွန်းငွေလည်း ရှိပါက ဝင်ငွေကြေညာလွှာကို မြို့နယ်အခွန်ဦးစီးဌာနမှူးထံ သက်ဆိုင်ရာအခြေပစ္စည်း ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်းပေးပို့ရမည်။

**ရှင်းလင်းချက်။** ။အခြေပစ္စည်းရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသည့်နေ့ဆိုသည်မှာ ယင်းပစ္စည်းကို ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုသော စာချုပ်ချုပ်ဆိုသည့်နေ့နှင့် ယင်းပစ္စည်းကိုလက်ရောက်လွှဲပြောင်းပေးသည့်နေ့တို့အနက် စောရာနေ့ကိုဆိုသည်။"

(ခ) နည်းဥပဒေခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ဤနည်းဥပဒေအရ ဝင်ငွေနှစ်အတွင်း စည်းကြပ်မှုမပြီးပြတ်လျှင် သက်ဆိုင်ရာအခွန်ထမ်းအား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကြပ်မှု ပြုလုပ်နိုင်သည်။ ထိုသို့ စည်းကြပ်ရာတွင် ယင်းစည်းကြပ်နှစ်နှင့် သက်ဆိုင်သည့် အခွန်နှုန်းများဖြင့် နည်းဥပဒေခွဲ (ဂ) ပါအတိုင်း အခွန်တွက်ချက် စည်းကြပ်ရမည်။"

၆။ ဝင်ငွေခွန်နည်းဥပဒေများ၏ အခန်း ၅ ခေါင်းစဉ် "ဝင်ငွေရလမ်းမဖော်ပြနိုင်သည့် ဝင်ငွေအပေါ် စည်းကြပ်ရန် နည်းလမ်းများ" ဆိုသည့် စကားရပ်ကို "စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် စည်းကြပ်ရန် နည်းလမ်းများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (ဃ) နှင့် နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (ဂ) တို့၌ ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက ထုတ်ပြန်သော အမိန့်ကြော်ငြာစာအရ" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၈။ ဝင်ငွေခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၉၊ နည်းဥပဒေခွဲ (င)၊ နည်းဥပဒေခွဲငယ် (၂) ၌ပါရှိသော "ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည်" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီသာ ဖြစ်ရမည်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၉။ ဝင်ငွေခွန် နည်းဥပဒေများ၏ အခန်း ၁၁၊ နည်းဥပဒေ ၁၂ ၏ ရှေ့တွင် နည်းဥပဒေ ၁၁-ကအဖြစ် အောက်ပါအတိုင်း **ဖြည့်စွက်**ရမည် -

"၁၁-က။ သက်ဆိုင်ရာ နှစ်အလိုက် ပြဋ္ဌာန်းသော ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ထိုက်သင့်သော ချီးမြှင့်မှုများ ဆောင်ရွက်နိုင်ရန်အလို့ငှာ သင့်လျော်သော ပမာဏကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲ တောင်းခံ၍ သုံးစွဲနိုင်သည်။"

ဝင်းရှိန်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဘဏ္ဍာရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

### အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံးဖွဲ့စည်းပုံအရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၄) တွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူး လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) နေရာတွင် ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးအား ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေပိုင်းမှစ၍ (၁) နှစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

### အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၀၉/၂၀၁၅)

နေပြည်တော်၊ ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက် )

အမျိုးသားလွှတ်တော်ရုံးသို့ လွှဲပြောင်းအမှုထမ်းဆောင်စေလိုက်သော ကာကွယ်ရေးဝန်ကြီးဌာန၊ အမှတ် (၈) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ဗိုလ်ကြီး ကျော်မျိုးခိုင် (ကြည်း-၄၁၄၅၉) အား အမျိုးသားလွှတ်တော်ရုံး၊ ဥက္ကဋ္ဌရုံး၊ ဌာနတွင်း စာရင်းစစ်ဌာနခွဲတွင် ဦးစီးအရာရှိ လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ ခန့်ထားလိုက်သည်။

ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်
( ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက် )

အမှတ် ၁၆၆/၂၀၁၄ ။ ။ အောက်ဖော်ပြပါအရာခံဗိုလ်များအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၄၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှ အစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | အွမ်ပိုင်း | ကြည်း ၆၇၆၀၇ | (၁၁-၁၁-၂၀၁၄) |
| (၂) | သန်းမြင့် | ကြည်း ၆၇၆၀၈ | (၁၁-၁၁-၂၀၁၄) |
| (၃) | မောင်ဆန်း | ကြည်း ၆၇၆၀၉ | (၁၅-၁၁-၂၀၁၄) |
| (၄) | ကုလား | ကြည်း ၆၇၆၁၀ | (၁၅-၁၁-၂၀၁၄) |
| (၅) | မြင့်အောင် | ကြည်း ၆၇၆၁၁ | (၁၈-၁၁-၂၀၁၄) |
| (၆) | မောင်မောင်မြင့် | ကြည်း ၆၇၆၁၂ | (၂၀-၁၁-၂၀၁၄) |
| (၇) | စောခိုင်ဝင်း | ကြည်း ၆၇၆၁၃ | (၂၀-၁၁-၂၀၁၄) |
| (၈) | မြင့်သိန်း | ကြည်း ၆၇၆၁၄ | (၂၃-၁၁-၂၀၁၄) |
| (၉) | မြင့်ဆွေ | ကြည်း ၆၇၆၁၅ | (၂၄-၁၁-၂၀၁၄) |
| (၁၀) | အောင်ချစ်စိန် | ကြည်း ၆၇၆၁၆ | (၂၇-၁၁-၂၀၁၄) |
| (၁၁) | မြင့်သိန်း | ကြည်း ၆၇၆၁၇ | (၂၇-၁၁-၂၀၁၄) |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## ပင်စင်ဦးစီးဌာန
## ရုံးအမိန့်အပိုင်း (၁)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် )

အမှတ် ၀၀၅၆/၂၀၁၄ ။ ။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းချို အား ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်စွဲပါစာအမှတ်၊ ဘခ-၂/၃၁ (၇၂၃၀/၂၀၁၄) ဖြင့် သဘောတူညီခွင့်ပြုချက်အရ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက် နေ့မှ စတင်၍ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးသို့ တိုးမြှင့် ခန့်ထားလိုက်သည်။

ခင်မောင်ဝင်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပင်စင်ဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် ( ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**MAY PHUE NWE TRADING COMPANY LIMITED**

ဖျက်သိမ်းရန်ကြေညာချက်

၁။ **May Phue Nwe Trading Company Limited** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၆. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူး အစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၈၃)၊ ၅-လွှာ၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ပွားစိန် [၁၂/သကတ (နိုင်) ၀၇၂၅၅၂] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို သက်သေပြစာရွက်စာတမ်း အထောက်အထား များနှင့်တကွ တစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ပွားစိန်အား ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန့်ဇင်ကြိုင်
မန်နေးဂျင်းဒါရိုက်တာ
May Phue Nwe Trading Company Limited
(ဖျက်သိမ်းဆဲ)

ဒေါ်ပွားစိန်
B.Com, C.P.A, D.B.L, Dip. IFR
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
May Phue Nwe Trading Company Limited
(ဖျက်သိမ်းဆဲ)

## WIN STANDARD ENGINEERING COMPANY LIMITED

ဖျက်သိမ်းရန်ကြေညာချက်

၁။ **Win Standard Engineering Company Limited** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၆. ၂. ၂၀၁၅) နေ့က ကုမ္ပဏီရုံးတွင် ကျင်းပသော သာမန်ထက်ထူးကဲသော အထူးအစည်းအဝေးက ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၈၃)၊ ၅-လွှာ၊ ၄၄ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ပွားစိန် [၁၂/သကတ (နိုင်) ၀၇၂၅၅၂] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ပေးရန်နှင့်ရရန်ရှိသည်များကို သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တစ်လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဒေါ်ပွားစိန်အား ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးငွေဝင်း
မန်နေးဂျင်းဒါရိုက်တာ
Win Standard Engineering Company Limited
(ဖျက်သိမ်းဆဲ)

ဒေါ်ပွားစိန်
B.Com, C.P.A, D.B.L, Dip. IFR
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
Win Standard Engineering Company Limited
(ဖျက်သိမ်းဆဲ)

## GROUP OF FOUR COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ GROUP OF FOUR COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၆. ၃. ၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၉း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYIN THAR TRADING COMPANY LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ MYIN THAR TRADING COMPANY LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၆. ၃. ၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## HARDWOOD TIMBER ENTERPRISE LIMITED

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ၊ ဖျက်သိမ်းဆဲ HARDWOOD TIMBER ENTERPRISE LIMITED ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၆. ၃. ၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၂း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## PADAUK SHWE WAR TRAVELS & TOURS CO.,LTD

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ၊ ၂၀၈-င အရ ဖျက်သိမ်းဆဲ **PADAUK SHWE WAR TRAVELS & TOURS CO.,LTD** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကို ရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | - | ၂၆. ၃. ၂၀၁၅ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | (၀၃း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ်-၁၄၁/၁၄၅၊ ၄-လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ဆုလာဘ် ရတနာ အထည်ချုပ် ကုမ္ပဏီလီမိတက်

**(SU LAT YADANAR GARMENT CO.,LTD.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ဆုလာဘ် ရတနာ အထည်ချုပ် ကုမ္ပဏီလီမိတက် (SU LAT YADANAR GARMENT COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မြန်မာ ပိုးလမ်းမကြီး ခရီးသွား လီမိတက်**
**(MYANMAR SILK ROAD TRAVEL LIMITED.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မြန်မာ ပိုးလမ်းမကြီး ခရီးသွား လီမိတက် (MYANMAR SILK ROAD TRAVEL LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ခန့်ညားထည်ဝါ ပြည်မြန်မာ ခရီးသွားလာရေး ကုမ္ပဏီ လီမိတက်**
**(GORGEOUS MYANMAR TRAVELS & TOURS CO., LTD.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ခန့်ညားထည်ဝါ ပြည်မြန်မာ ခရီးသွားလာရေး ကုမ္ပဏီ လီမိတက် (GORGEOUS MYANMAR TRAVELS & TOURS COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကံကောင်းသော ဝန်းကျင် အေဂျင်စီ ကုမ္ပဏီ လီမိတက်**
**(LUCKY ZONE AGENCY COMPANY LIMITED.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ကံကောင်းသော ဝန်းကျင် အေဂျင်စီ ကုမ္ပဏီ လီမိတက် (LUCKY ZONE AGENCY COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နေ့လယ် (၁၂း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**မျိုးစိန်နန်းတော် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်**
**(MYO DIAMOND PALACE GEMS CO.,LTD.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**မျိုးစိန်နန်းတော် ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (MYO DIAMOND PALACE GEMS COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နေ့လယ် (၁၂း၃၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကြောင်နက်မင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက်**
**(KYAUNG NET MIN GEMS & JEWELLERY CO.,LTD.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ကြောင်နက်မင်း ကျောက်မျက်ရတနာ ကုမ္ပဏီလီမိတက် (KYAUNG NET MIN GEMS & JEWELLERY COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နေ့လယ် (၁၃း၀၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**ကြောင်နက်မင်း သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်**
**(KYAUNG NET MIN MINING CO.,LTD.)** အား
(အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**ကြောင်နက်မင်း သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက် (KYAUNG NET MIN MINING COMPANY LIMITED.)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့၊ နေ့လယ် (၁၃း၃၀) နာရီ အချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်-(၁၇၆) (ပထမထပ်) တွင်၊ ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံးတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
(တရားလွှတ်တော်ရှေ့နေ)
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၆၇၀/၁၄/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၂၉၁/၂၇-၂-၂၀၁၅။